## မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ စာရင်းကောက်ယူရေးလုပ်ငန်းကော်မတီ (၁/၂၀၂၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော်၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ စာရင်းကောက်ယူရေးလုပ်ငန်းကော်မတီ (၁/၂၀၂၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉:၃၀ နာရီအချိန်တွင် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၃၂) အစည်းအဝေးခန်းမ၌ စာရင်းကောက်ယူရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်ထင်က ဦးဆောင်ကျင်းပပါသည်။

အစည်းအဝေးသို့ ဦးစီးဌာနများမှ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီး/ပြည်နယ် စာရင်းကောက်ယူရေးလုပ်ငန်းကော်မတီများမှ အတွင်းရေးမှူးများ တက်ရောက်ကြပြီး ရန်ကုန်/ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ တောင်သူလယ်သမား စိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ ကိုယ်စားလှယ်များ၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ လုပ်ငန်းကော်မတီအဖွဲ့ဝင်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြပါသည်။

လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်ဒုတိယ (၅) နှစ်စီမံချက် (၂၀၂၄-၂၀၂၈)၏ တတိယနှစ် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များ၏ Pilot Project မြို့နယ်များတွင် တတိယအကြိမ် ကလေးလုပ်သားစစ်တမ်းကောက်ယူရေးအတွက် လုပ်ငန်းအချိန်ဇယားအတိုင်း စီစဉ်ဆောင်ရွက်မှု၊ ဘဏ္ဍာငွေလျာထားမှု၊ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် ဒုတိယ (၅) နှစ်စီမံချက် အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်စာရင်းကောက်ယူရေး

လုပ်ငန်းကော်မတီများမှ ကိုယ်စားလှယ်များအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရန် ပြောကြားပါသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်က အမျိုးသားအဆင့် ဒုတိယ(၅) နှစ်စီမံချက်အရ ဆောင်ရွက်ခဲ့သည့် ကလေးလုပ်သားစစ်တမ်းများမှ တွေ့ရှိချက်များ၊ ၂၀၂၆ ခုနှစ်အတွင်း လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ရှေ့ဆက် ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များက ကလေးလုပ်သားစစ်တမ်းကောက်ယူရေး လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြပါသည်။

ထို့နောက် တက်ရောက်လာသည့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၏ ဆွေးနွေးတင်ပြမှုများ၊ လိုအပ်ချက်များအပေါ် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက ညှိနှိုင်းပေါင်းစပ်ပေးခဲ့ပါသည်။